

# အဖိုးတန်ယောက္ခမ

*ဖေလင်းသစ်မှာ The worlds best mother-in-law jokes အမည်ရှိ တအုပ်တစ်အုပ်ရှိတယ်ခင်ဗျ။ ယောက္ခမအကြောင်း ဟာသတွေလုပ်ထားတဲ့ နိုင်ငံခြားစာအုပ်ပါ။*

*နိုင်ငံခြား ယောက္ခမတွေလည်း ကျွန်တော်တို့ မြန်မာယောက္ခမတွေ လိုပဲလား။ နိုင်ငံခြားသမက်တွေရဲ့ သဘောထားကလည်း ကိုယ်တို့လိုပါပဲလား။ ဖြည်းကြည့်စမ်းပါ။*

စေ့စပ်ပြီး သမက်လောင်းက ယောက္ခမလောင်းအိမ်ကို ပထမဆုံး အခေါက် ရောက်တဲ့နေ့ပေါ့။

"ငါ့အသက် ဘယ်လောက်လဲလို့ မင်းမှန်းကြည့်စမ်း" လို့ ယောက္ခမ လောင်းကြီးက ခပ်ပြုံးပြုံးလေး မေးခွန်းထုတ်တယ်။





လူငယ်လေးလည်း တွေးတွေးဆဆနဲ့ …

"အမေ့အသက်ဟာ မြင်ရတဲ့ရုပ်သွင်ထက် ဆယ်နှစ်လောက်ငယ် မှာပဲ၊ အင်း… ဉာဏ်ရည်ဉာဏ်သွေးကတော့ ဆယ်ဆလောက် ပို ရင့်ကျက်မယ့်ပုံပါပဲ" လို့ တရိုတသေ ပြောလိုက်ပါတယ်။

❑

ယောက္ခမဆိုတာ သူ မသိနိုင်တဲ့အရာ ရှိရင်တောင် စဉ်းစားပြီး ခွပ်ခဲ့တယ်။

❑

ရဲသားတစ်ယောက် ပန်းခြံထဲကို ဖြတ်လျှောက်လာနိုက် ထိုင်ခုံရှည် ပေါ်မှာ လူတစ်ယောက်ထိုင်ပြီး ရှိုက်ကြီးတငင် ငိုနေတာတွေ့တယ်။

ဘာဖြစ်လို့ ဒီလောက်တောင် ငိုနေရတာလဲမေးတော့ သူ့ယောက္ခမကို သွေးအေးအေးနဲ့ သတ်ပစ်ဖို့ ကြံစည်ခဲ့ဖူးသတဲ့။ အဲဒါ သူ့မိတ်ဆွေ ရှေ့နေက ကိုယ့်လူ သွားမလုပ်နဲ့၊ ထောင် ၂၅ နှစ် ကျနိုင်တယ်ပြောလို့ မသတ်ခဲ့ဘူးဆိုပဲ။

သူက ရှိုက်လိုက်ပြီး "ခုတော့ ကျွန်တော် နောင်တရတယ်ဗျာ၊ မဟုတ်ရင် အခုအချိန်ဆို ကျွန်တော် လွတ်လပ်တဲ့သူဖြစ်နေပြီ" တဲ့။

❑

**တရားသူကြီး** - ခင်ဗျားယောက္ခမ မောင်းတဲ့ကားက ခင်ဗျားကို တိုက် တယ်ဆိုတာ သေချာရဲ့လား။

**အေးဇစ်** - သေချာပါတယ်ခင်ဗျာ၊ ကျွန်တော့်ယောက္ခမ အဲဒီလို ကျေကျေနပ်နပ်ရယ်သံမျိုးကို ဘယ်ချောင်က ကြားကြား ကျွန်တော် အမြဲသိပါတယ်။

❑





တစ်နေ့က အမိုက်ပစ်ဖို့မေ့နေတဲ့ ကျွန်တော့်ယောက္ခမကြီး အမှိုက် ကားနောက် အပြေးအလွှားလိုက်တာပေါ့။

'နောက်ကျနေလို့ပါ' လို့ သူ့ပါးစပ်ကအော်တော့ အမှိုက်ကားသမား က 'ရပါတယ်၊ အမှိုက်ပုံပေါ်သာ ခုန်ဝင်လိုက်ပါ' လို့ ပြန်အော်သတဲ့။

❑

ခိုးသည့်သတ်မှုနဲ့ တရားခွင်ရင်ဆိုင်နေရတဲ့ ခင်ပွန်းလုပ်သူကို တရားသူကြီးက "ပစ်လိုက်တာ မတော်တဆမှန်လို့ သေတာ ဟုတ်လား၊ ဘယ်လိုဖြစ်လာလဲ ပြောပါဦး" လို့ မေးတယ်။

"တကယ်ပါဗျာ၊ ကျွန်တော်က သေနတ်မောင်း ဆွဲချလိုက်တဲ့အချိန် မှာ ကျွန်တော့်မိန်းမက ယောက္ခမကြီးရှေ့မှာ သူ့ကိုယ်လုံး ထိုးခံလိုက် လို့ ဖြစ်သွားရတာ" တဲ့။

❑

အရင်လက ကျွန်တော့်ယောက္ခမ ပြန်ပေးဆွဲခံခဲ့ရတယ်။ ပြန်ပေး သမားတွေ ရေးတဲ့စာက ကျွန်တော်တို့သာ ငွေချက်ချင်းမပို့ရင် အဘွား ကြီးကို ပြန်လွှတ်ပစ်လိုက်မယ်တဲ့ဗျ။

❑ ❑